# What is a Lutheran?
# လူသာရင်အသင်းသား ဆိုသူမှာ မည်သူနည်း

**လူသာရင်**ဆိုသူတို့သည် **ဒေါက်တာမာတင်လူသာ**၏နောက်လိုက်များဖြစ်ကြသည်။ **မှားပါသည်။** ကျွန်တော်တို့သည် **သခင်ယေရှုခရစ်တော်**၏နောက်သို့လိုက်သောသူများ ဖြစ်ပါသည်။ ဒေါက်တာမာတင်လူသာ အပါအဝင် သင်နှင့်ကျွန်တော်တို့သည် မြေကြီးပေါ်တွင် **အဖိုးထိုက်တန်သော ဧဝံဂေလိတရား**ကို လောကဆုံးတိုင်အောင် သယ်ဆောင်နေကြသောသူများ ဖြစ်ပါသည်။ ကျွန်တော်တို့သည် တူညီသော အပြစ်တရားနှင့်ပြည့်ဝနေစဉ် **အဖိုးထိုက်တန်**သော **သခင်ယေရှု**၏ ရွေးနုတ်ကယ်တင်တော်မူခြင်းကို ရရှိထားသောသူများ ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဒေါက်တာမာတင်လူသာကဲ့သို့ပင်-

| | |
|---|---|
| **ကျေးဇူးတော်** | **တပါးတည်းအားဖြင့်** |
| **ယုံကြည်ခြင်း** | **တခုတည်းအားဖြင့်** |
| **ခရစ်တော်** | **တပါးတည်းအားဖြင့်** |
| **နှုတ်ကပတ်တော်** | **တခုတည်းအားဖြင့်** |

**ကယ်တင်ခြင်းခံရသည်ကို ယုံကြည်ပါသည်။**

လူသာ၏အမည်ကိုသုံးရခြင်းမှာ အခြားသောခရစ်ယာန်အသင်းတော်များနှင့်မတူကြောင်းသိစေရန် ဖြစ်ပါသည်။ ထို့ပြင် တခြားလူသာရင်အသင်းတော်များနှင့်လည်း မတူစေရန် ကျွန်တော်တို့၏အသင်းတော်ကို ဝန်ခံသောလူသာရင်အသင်းတော် ဟု ခေါ်ဆိုပါသည်။

## ကျေးဇူးတော်အားဖြင့်သာ ကယ်တင်ခြင်း ရရှိသည်

**ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။** **ဧဖက် ၂ း ၈ - ၉**

ကျေးဇူးတော်သည် လူသားတို့အတွက် ထိုက်တန်စွာရထိုက်သော ချစ်ခြင်းမေတ္တာမဟုတ်ပါ။ သခင်ယေရှုခရစ်တော်သည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ခဲ့မှုကြောင့် **သခင်ခရစ်တော်**အားဖြင့် ကျွန်တော့်ပေါ်သို့ **ကျေးဇူးတော်**သက်ရောက်ပါသည်။ ကျွန်တော်တို့ ကောင်းကင်နိုင်ငံတော်သို့ရောက်ရန် ဘာမှမလုပ်နိုင်ပါ။ ဤကား **သခင်ခရစ်တော်**အားဖြင့် ရသော**အခမဲ့ဆုကျေးဇူး** ဖြစ်ပါသည်။ သခင်ယေရှုသည် လောကသို့ ဆင်းသက်လာပြီး ကျွန်တော်တို့ မလုပ်နိုင်ခဲ့သော **ဖြောင့်မတ်သန့်ရှင်းပြီးပြည့်စုံသော**အသက်တာဖြင့် နေထိုင်ခဲ့ပါသည်။ ဤကဲ့သို့ အသက်ရှင်ခြင်းဖြင့် ဘုရားသခင်၏ **ပညတ်တရားတော်ကို လုံးဝ ပြီးပြည့်စုံလင်စေခဲ့ပါသည်။ ထာဝရဘုရားသခင်** မိန့်တော်မူသည်မှာ **သင်၏ဘုရားသခင် ငါသည် ပြည့်ဝစုံလင်သည့်နည်းတူ သင်သည်လည်း ပြည့်ဝစုံလင်ရမည်။** ကျွန်တော်တို့ မစုံလင်မပြည့်ဝသည်ကို ငြင်းဆိုရန် မရှိပါ။ ယင်းအတွက် **သခင်ယေရှု**သည် လောကသို့ ကြွဆင်းလာပြီး ကျွန်တော်တို့ကိုယ်စား ပြည့်ဝစုံလင်သူအဖြစ် အသက်ရှင်နေထိုင်ခဲ့ပါသည်။ **ဘုရားသခင်**သည် **အပြစ်တရား**အတွက် **အပြစ်ဒဏ်**ကို သတ်မှတ်ခဲ့ပါသည်။

သင်သည် **ပညတ်တရားတခု**ကို ကျူးလွန်သည်နှင့် **ပညတ်အားလုံး**ကို **ကျူးလွန်သကဲ့သို့အပြစ်**ရှိသွားပါမည်။ **အပြစ်ရှိသောဝိညာဉ်သည် မုချသေရပါမည်။** **သခင်ယေရှု**သည် လောကတွင် ကျွန်တော့်ကိုယ်စား ပြည့်ဝစုံလင်သောအသက်တာဖြင့် အသက်ရှင်ပေးခဲ့ရုံမကဘဲ ကျွန်တော်တို့အပြစ်အတွက်ခံရမည့် **ပြစ်ဒါဏ်**ကိုလည်း **လက်ဝါးကပ်တိုင်တွင်ကိုယ်စားခံယူခဲ့ပါသည်။ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒါဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျှက်ရှိကြ၏။** **ဟေ၅၃း၅** သခင်ယေရှု ဤသို့ ပြုလုပ်ပေးခဲ့ခြင်းသည် **မထိုက်မတန်**သောသူများအတွက် ဖြစ်သည်။ **အပြစ်သားဆုံးရှုံးခြင်း**သို့ရောက်နေသူများ အတွက် ပေးအပ်သော **သခင်ယေရှု၏ ချစ်ခြင်းမေတ္တာ** ဖြစ်ပါသည်။

သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် **'အမှုပြီးပြီ'** ဟု မိန့်တော်မူခဲ့ပါသည်။ လောကရှိ ပျောက်ဆုံးနေသူများကို **ကယ်တင်သော**အလုပ်သည် **ပြီးဆုံးခဲ့ခြင်း**ကို ရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ပြည့်ဝစုံလင်ခြင်းကို တောင်းဆိုခဲ့ရာ သခင်ယေရှုသည် ပြည့်ဝစုံလင်သောဘုရားသခင်၏ **သိုးငယ်တော်မြတ်** ဖြစ်သည်။ ဘုရားသခင်သည် အပြစ်တရားအတွက် ပြစ်ဒါဏ်ကို သတ်မှတ်ခဲ့ရာ သူ၏ တပါးတည်းသော သားတော်ကို ယင်းပြစ်ဒါဏ်ကို ခံယူစေခဲ့သည်။

ရှင်ပေါလုမှ **ခရစ်တော်အောင်ခြင်း**ဖြင့် ရရှိသော **ကယ်တင်ခြင်း**သည် **ဘုရားသခင်ထံမှ ရရှိသော ဆုကျေးဇူး**ဖြစ်သည်ဟု ဆိုပါသည်။ **သင်၏အိမ်သို့ လူတစ်ဦးက ငွေသိန်း၁၀၀ လာပေးလျှင် မည်သို့ခံစားရမည်နည်း။ ထိုသူလာပေးမည်ကို သင်မသိခဲ့ပါ။ ထိုအချိန် သင်သည် အလုပ်အကိုင်မရှိဘဲ ပျင်းရိစွာနေထိုင်လျှက်ရှိနေစဉ် ဖြစ်သည်။ ငွေသည် သင့်ထံသို့ တိုက်ရိုက်ရောက်ရှိလာပါသည်။ ယင်းငွေရရန်အတွက် သင်ဘာမှမလုပ်ခဲ့ပါ။ ယင်းငွေနှင့်သင်လုံး၀ မထိုက်တန်ပါ။**

ယင်းကဲ့သို့ပင် **သခင်ယေရှု၏ကယ်တင်ခြင်း**လည်းဖြစ်၏။ ဤကား ဆုကျေးဇူးသက်သက်သာ ဖြစ်၏။ ဤဆုကျေးဇူးကား **ချစ်ခြင်းမေတ္တာ**ဖြစ်သော **ဘုရားသခင်**၏ **ဂရုဏာလက်တော်**မှ ပေးအပ်ခြင်းဖြစ်သည်။ ဤဆုကျေးဇူးအတွက် သင့်ဘ၀တခုလုံး ကြိုးစားလုပ်ဆောင်ပေးသော်လည်း သင်သည် ထိုက်တန်မည်မဟုတ်ပါ။

ယနေ့ စိတ်ပျက်စရာကောင်းသည်မှာ ယင်းကယ်တင်ခြင်းဆုကျေးဇူးကို ကျွန်တော်တို့၏ အလုပ်(သို့)အကျင့်အားဖြင့် ရယူနိုင်သည်။ အနည်းဆုံး အစိတ်အပိုင်းလောက်တော့ ကျွန်တော်တို့ လုပ်ဆောင်၍ ရနိုင်သည်ဟု သွန်သင်နေကြပါသည်။

ပုပ်ရဟန်းသည် အသင်းတော်ကို ချုပ်ကိုင်ပြီး ကယ်တင်ခြင်းရရှိရန် **ကျေးဇူးတော်**အပြင် **အကျင့်တရား**လည်း လိုအပ်သည်ဟု သွန်သင်ခဲ့သည့်အတွက်ကြောင့် **လူသာရင်ပြုပြင်ပြောင်းလဲမှု** ဖြစ်လာရသည့် အဓိကအကြောင်းရင်း ဖြစ်သည်။

သမ္မာကျမ်းစာက **ကျွန်တော်တို့သည် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိသည်ဟု** သွန်သင်ပါသည်။ **ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်ပြီး လူ၏အလုပ်(သို့)အကျင့်အားဖြင့် မဟုတ်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။**

ဘုရားသခင်သည် **ပြုပြင်ပြောင်းလဲမှု**အားဖြင့် **ကျေးဇူးတော်သက်သက်**ကြောင့်သာလျှင် ကယ်တင်ခြင်းရသည်ဟူသော မှန်ကန်သော သွန်သင်ချက်ကို မိမိ၏လူတို့အား ပြန်လည်ပေးအပ်ခဲ့ပါသည်။ **ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်**

**ဖြောင့်မတ်ရာသို့ ရောက်ကြရ၏။ ရောမ ၃ း ၂၄**

ရောမကက်သလစ်အသင်းတော်မှ မယ်တော်မာရီနှင့်အခြားယုံကြည်သူတို့ထံတွင် လောက၌ အသက်ရှင်စဉ် ကျူးလွန်ခဲ့သည့်အပြစ်များအားလုံးကို ချေဖျက်နိုင်သော ကုသိုလ်မင်္ဂလာများ အလျှံအပယ်ရှိသည်ဟု သွန်သင်လျှက်ရှိပါသည်။ သူတို့၏အပြစ်များကို ချေဖျက်ပြီးသည့်တိုင် များစွာသောကုသိုလ်မင်္ဂလာတို့သည် ပိုလျှံလျှက်ရှိနေပါသည်။ သင်သည် ထိုသူတို့ထံမှ ကုသိုလ်မင်္ဂလာကို ရယူပြီး သင်၏အပြစ်များကို ချေဖျက်နိုင်ပါကြောင်း သွန်သင်ပါသည်။

**အဓိပ္ပါယ် လုံးဝမရှိပါ။**

သမ္မာကျမ်းစာမှ လူသားအားလုံးကို **ခွဲခြားမှု**မရှိဘဲ **အပြစ်သား**ဟူသာ သတ်မှတ်ပါသည်။ **ကယ်တင်ခြင်း** လိုအပ်ကြောင်း ဖော်ပြပါသည်။ **ကယ်တင်ခြင်းရရှိရန် ဘုရားသခင်**ကသာ လုပ်ဆောင်ပေးပြီး လူသား တို့၏ အကျင့်(သို့)အလုပ် ပါဝင်ရန် မလိုအပ်ပါ။ **ခြားနားခြင်း အလျင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်၏ရှေ့တော်၌ အသရေပျက်ကြပြီ။ ရောမ ၃ း ၂၂ - ၂၃**

ရောမကက်သလစ်အသင်းတော်သည် ကျေးဇူးတော်သက်သက်ကြောင့် ကယ်တင်ခြင်းရရှိသည်ဆိုသော သွန်သင်ချက်မှ သွေဖီသွားသည့်အတွက် **ကျွန်တော်တို့ ရောမကက်သလစ်အသင်းတော်မှ ခွဲခွာခဲ့ကြပါသည်။** ကျွန်တော်တို့ အသင်းတော်ကို **လူသာရင်**ဟု ခေါ်ဆိုခဲ့ကြပါသည်။ **အဘယ်ကြောင့်ဆိုသော် နှုတ်ကပတ်တော်ကို ဒေါက်တာမာတင်လူသာနှင့်ထပ်တူယုံကြည်လက်ခံခဲ့သောကြောင့် ဖြစ်ပါသည်။**

## ကျွန်တော်တို့ ယုံကြည်ခြင်းသက်သက်အားဖြင့် ကယ်တင်ခြင်း ရရှိပါသည်

**ထို့ကြောင့် လူမည်သည်ကား ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည် ဟု ယူရ၏။ ရောမ ၃ း ၂၈** တွင် ဖော်ပြထားပါသည်။

ဒေါက်တာမာတင်လူသာသည် **ရောမဩဝါဒစာ** နှင့် **ဂလာတိဩဝါဒ** ကို အထူးဖတ်ရှုလေ့လာ သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သူအားဖော်ပြသည်မှာ ကျွန်တော်တို့ **ယုံကြည်ခြင်းသက်သက်ဖြင့် ကယ်တင်ခြင်း** ရရှိနိုင်ကြောင်းပင်။

ကျွန်တော်တို့ ဘုရားသခင်ရှေ့မှောက်တွင်**ဖြောင့်မတ်သန့်ရှင်းစွာ** ရပ်တည်နိုင်ရခြင်းမှာ **သားတော်၏ ကောင်းမြတ်မှု**နှင့် **ကျေနပ်စွာဆောင်ရွက်ခဲ့မှု**ကြောင့်သာ ဖြစ်ပါသည်။ **ခရစ်တော်၏ ဖြောင့်မတ်ခြင်း**သည် ကျွန်တော်၏အပြစ်များနှင့် မဖြောင့်မတ်မှုများကို **ဖုံးလွှမ်း**ထားသောကြောင့် ဖြစ်ပါသည်။ **ဘုရားသခင်သည် ခရစ်တော်အားဖြင့်** ကျွန်တော့်ကို ကြည့်သောအခါ ကိုယ်တော်၏**သားသမီးအရင်း**ကဲ့သို့ မြင်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို **ယုံကြည်ခြင်းဖြင့်** ရရှိပါသည်။ **ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ယုံကြည်သောသူအပေါင်းတို့အဘို့ဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ရောမ ၃ း ၂၂**

**ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ကြရ၏။ ရောမ ၃ း ၂၄ - ၂၅**

သခင်ယေရှုခရစ်တော်သည် ကျွန်တော်တို့ကိုယ်စား ပေးဆပ်ပြီး ကျွန်တော်တို့ကို ရွေးနုတ်ခြင်းကို ယုံကြည်လျှင် ဘုရားသခင်၏ဆုတော်ဖြစ်သော ကယ်တင်ခြင်းကို ရရှိမည်ဖြစ်ပါသည်။ **ရောမ ၃ း ၂၄ - ၂၅**

ကျွန်တော်တို့ **ကယ်တင်ခြင်းဆုကျေးဇူး**ကို **ယုံကြည်ခြင်းဖြင့်** ရယူနိုင်ပါသည်။ **ကယ်တင်ခြင်း ရရှိရေးအတွက် ကျွန်တော်တို့ဘာမျှ မလုပ်ရပါ။ ကောင်းသောအရာလည်းပေးအပ်ရန် မလိုပါ။**

ကျွန်တော်တို့ ဆိုနိုင်သည်မှာ **ယုံကြည်ခြင်း**သည် **ရယူလက်ခံသောလက်**ဖြစ်ပြီး **ကယ်တင်ခြင်း**ဆုကို **ယူလိုက်ရုံ**သာ ရှိပါသည်။ ဤထက် ဘာမျှမပိုပါ။ **မြေကြီးသည် မိုးရေကိုလက်ခံသကဲ့သို့ပင် ဖြစ်ပါသည်။**

**မှားယွင်းသော သွန်သင်ချက်တို့သည် အသင်းတော်အတွင်းသို့ ဝင်ရောက်ပြီး ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှ လာခြင်းမဟုတ်ဘဲ လူသည်လည်း တစ်စိတ်တပိုင်း**ပါဝင်သည်ဟု သွန်သင်လာကြပါသည်။

ကျွန်တော်တို့သည် ဒေါက်တာမာတင်လူသာရေးခဲ့သော **ဓမ္မအမေးအဖြေစာအုပ်ငယ်**တွင် **ကျွန်တော်သည် မိမိ၏ဆင်ခြင်တုံတရားအားဖြင့်လည်းကောင်း၊ ခွန်အားအစွမ်းသတ္တိအားဖြင့် လည်းကောင်း၊သခင်ယေရှုခရစ်တော်ဘုရားကို ကျွန်တော်၏သခင်အဖြစ်ယုံကြည်ခြင်း(သို့)အထံတော်သို့ ဝင်ရောက်ခြင်းငှါ မတတ်နိုင်ပါဟု ကျွန်တော်ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော်အား ဧဝံဂေလိတရားတော်အားဖြင့် ခေါ်ဆောင်တော်မူပြီး ဝိညာဉ်တော်ဆုကျေးဇူးဖြင့် သိမြင်ရှင်းလင်းစေခြင်း၊ စစ်မှန်သောယုံကြည်ခြင်းတွင် ရပ်တည်နိုင်ရန် သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် ကျွန်တော့်ကို ထိန်းသိမ်းစောင့်ရှောက်ပါသည်။ ထိုနည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် ခေါ်ဆောင်ခြင်း၊ စုစည်းခြင်း၊ သိမြင်ရှင်းလင်းစေခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်း တို့ကို ကမ္ဘာပေါ်ရှိ တပါးတည်းသောခရစ်ယာန်အသင်းတော်အတွက် လုပ်ဆောင်တော်မူပါသည်။ ထို့ပြင် သခင်ယေရှု ခရစ်တော်၌ တခုတည်းသော စစ်မှန်သည့်ယုံကြည်ခြင်းရှိစေရန် ထိန်းသိမ်းပေးလျှက်ရှိပါသည်ဟု ဖော်ပြထားပါသည်။**

အကယ်၍ မိမိ၏ဆင်ခြင်တုံတရား(သို့)ခွန်အားသတ္တိအားဖြင့် ယုံကြည်ပါသည်ဟု ဆိုလိုက်သည်နှင့် **ကျေးဇူးတော်သည် မရှိတော့ပါ။ ရိုးစင်းစွာပြောရလျှင် ယုံကြည်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်တော်တို့အား အပ်နှင်းထားသော ခံယူ လက်ခံသောလက် ဖြစ်ပါသည်။**

ကျွန်တော်တို့ လူသာရင်အသင်းတော်သည် ယုံကြည်ခြင်းအစပြုရာတွင် လူ၏အခန်းကဏ္ဍသည်လည်း ပါဝင်သည်ဟု လက်ခံသောအသင်းတော်များနှင့် သီးခြားစွာရပ်တည်ပါသည်။

တချို့ပြောဆိုနေကြသော သခင်ခရစ်တော်ကို ယုံကြည်ရန်**လက်ခံပြီး၊ ဆုံးဖြတ်ပြီး** ဆိုခြင်းမှာ သူတို့၏ အလုပ်ကို ဖော်ပြနေခြင်းဖြစ်သည်။ မှတ်သားရန်မှာ **သခင်ယေရှု**က သူ၏တပည့်တော်များကို မိန့်ဆိုရာတွင် **သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်၊ ငါသည် သင်တို့ကိုရွေးကောက်သည်**ဟု ဆိုခဲ့ပါသည်။ လူတချို့သည် ယုံကြည်ရန် မဝံ့မရဲ(သို့)တွန့်ဆုတ်နေခြင်း(သို့)သန့်ရှင်းသောဝိညာဉ်တော်ကို သူများထက်လျော့နည်းစွာ တားဆီးနေခြင်းများ အဘယ်ကြောင့်လုပ်ကြသနည်းဟု မေးကြပါသည်။

မှန်ပါသည်။ အသက်တာပြောင်းလဲခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်းကို အပြစ်နှင့်ပြည့်လျှက်ရှိနေသော လူသားထံ ဆုံးဖြတ်ခွင့်အပ်နှင့်ခြင်းကြောင့် ယင်းကဲ့သို့ ဖြစ်လာပါသည်။

**ရှင်ပေါလုသည် ယုံကြည်ရန် မဝံ့မရဲ(သို့)တွန့်ဆုတ်ခဲ့ပါသလား?။ အခြားသူများထက် သန့်ရှင်းသောဝိညာဉ်တော်ကို သူများထက်လျော့နည်းစွာ တားဆီးခဲ့ပါသလား? လုံးဝမဟုတ်ပါ။** ရှင်ပေါလုကဲ့သို့ ဘုရားသခင်၏လမ်းတော်ကို မုန်းတီးမှုအပေါင်းနှင့်တားဆီးခဲ့သူ မရှိခဲ့ပါ။ ကြောက်စရာ

ကောင်းလောက်အောင် ခြောက်လှန့်ခြင်းနှင့် သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ **“ရှင်ပေါလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ အိမ်များသို့ဝင်ပြီးလျှင် ယောကျ်ားမိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌လှောင်ထားတတ်၏” တမန် ၈ း ၃ ဘုရားရှင်၏တန်ခိုး**သည် **ရှောလု**ဟုခေါ်သော **မတရားဖိနှိပ်ရက်စက်သူတစ်ဦး**ကို **တမန်တော်**နှင့် **သာသနာပြုရှင်ပေါလု**အဖြစ် ပြောင်းလဲခဲ့ပါသည်။

တချို့မှာလည်း အသက်တာပြောင်းလဲရာတွင် လူသည် ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်သည်ဟု ဆိုကြပါသည်။ **ဇာတိပကတိလူ**သည် **ဝိညာဉ်ပကတိအရာ**များကို မည်သို့**ခံယူ**နိုင်မည်နည်း။ မယုံကြည်သေးသော သူသည် အပြစ်၌သေနေသောသူဖြစ်သည်။ **. . . . ထို ဒုစရိုက်အပြစ်၌သေလျှက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ ဧဖက် ၂ း ၁ ။**

**ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့် ဇာတိ ပကတိလူသည် နားမလည်နိုင်။ ၁ ကော ၂ း ၁၄** နောက်ဆုံးသောနေ့တွင် ဘုရားသခင်၏တန်ခိုးတော်ဖြင့် သေလွန်သောသူတို့ကို ထမြောက်စေတော်မူမည်ဖြစ်သကဲ့သို့ ယခုလည်း အသက်တာပြောင်းလဲရာတွင်(သို့)ယုံကြည်ရာတွင် **ဘုရားသခင်၏တန်ခိုးအားဖြင့်**သာ ဝိညာဉ်သေနေသူအား ခရစ်တော်၌ အသက်ရှင်ခွင့်ပေးပါသည်။

**သန့်ရှင်းသောဝိညာဉ်တော်မှလွဲ၍ မည်သူမျှ သခင်ယေရှုသည် ဘုရားဖြစ်သည်ဟု ဝန်မခံနိုင်ပါ။** သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကိုသုံးပါသည်။ ဝိညာဉ်တော်၏**ဓါး**သည် နှုတ်ကပတ်တော် ဖြစ်ပါသည်။

ကျွန်တော့်ကိုခေါ်ဆောင်ခြင်း၊ စုစည်းခြင်း၊ သိမြင်စေခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်းကို သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ပါသည်။ လူသာရင်တဦးအနေဖြင့်ပြောရလျှင် **ယုံကြည်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်မှ လုပ်ဆောင်သည်ဟု ခံယူပါသည်။** ယုံကြည်ခြင်းသည်လည်း ကယ်တင်ခြင်းကဲ့သို့ ဘုရားသခင်မှ ပေးအပ်သော ဆုကျေးဇူးတစ်ခု ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်မှ ယုံကြည်ခြင်းရှိရန် လုပ်ပေးပါသည်။ အလုပ်(သို့)အကျင့်အားဖြင့် မဟုတ်ပါ။ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိပါသည်။

---

## သခင်ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရရှိသည်

**ထိုသခင်၏နာမမှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။ တမန် ၄ း ၁၂**

နှုတ်ကပတ်တော်တခုလုံးတွင် သခင်ယေရှုအား လောကကို **ရွေးနုတ်ကယ်တင်သောအရှင်**အဖြစ် သက်သေခံကြပါသည်။ **ကမ္ဘာဦးကျမ်း ၃ း ၁၅** မှ **မာလခိအနာဂတ္တိကျမ်း ၄ း ၂** အထိ ဖော်ပြထားသော ပရောဖက်ပြုချက်များအားလုံးကို ပြည့်စုံစေသောအရှင် ဖြစ်ပါသည်။ **သခင်ယေရှုသည် အစနှင့်အဆုံး**လည်း ဖြစ်သကဲ့သို့ **ဧမာနွေလ**တည်းဟူသော **ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်**လည်း ဖြစ်ပါသည်။

ယင်းကဲ့သို့ နှုတ်ကပတ်တော်တွင် တိကျရှင်းလင်းစွာ ဖော်ပြထားရှိလျှက်နှင့်ပင် ကမ္ဘာ့အကြီးဆုံးအသင်းတော် ဖြစ်သော ရောမကက်သလစ်အသင်းတော်သည် မယ်တော်မာရိကို သားတော်နှင့်လူသားစပ်ကြားတွင်ရှိသော အာမခံသူ(ကြားလူ)အဖြစ်ထားရှိပြီး မယ်တော်သည် သခင်ယေရှုထံ လူသားတို့အတွက်တောင်းပန်ဆုတောင်းလျှက် ရှိနေကြောင်း သွန်သင်ကြပါသည်။ **ကယ်တင်ရှင်တစ်ဦးတည်းသာ ရှိပါသည်။ ဘုရားသခင်တစ်ဆူတည်း**

**ရှိတော်မူ၏။ ဘုရား သခင်နှင့်လူတို့၏စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်း ရှိ၏။ ၁ တိ ၂ း ၅**

သခင်ယေရှုသည် ကျွန်တော်၏ကယ်တင်ခြင်းကို အောင်မြင်ရယူထားရှိပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ အားလုံး၏ အပြစ်ကြွေးအားလုံးကို ဘုရားသခင်သည် သခင်ယေရှုအပေါ်သို့ တင်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ မယ်တော်မာရိသည် ဘုရားသခင်၏ သနားခြင်းကရုဏာတော်အားဖြင့် သားတော်ကို မွေးဖွားပေးသည်မှလွဲ၍ အပြစ်သားများနှင့် ခြားနားမှုမရှိပါ။

မယ်တော်မာရိသည်လည်း ကျွန်တော်တို့၏ ကယ်တင်ရှင် သူမ၏သား သခင်ယေရှုခရစ်တော်၏ **အသွေးတော်နှင့် ဖြောင့်မတ်ခြင်းတရားအားဖြင့်သာ** ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ချီးမွမ်းခံရမည် ဖြစ်ပါသည်။ ကျွန်တော်တို့နှင့်အတူတူပင် ဖြစ်သည်။ ဘုရားသခင်၏ သိုးငယ်တော်မြတ်တပါးတည်းသာ တလောကလုံး၏အပြစ်ကိုယူဆောင်ဖယ်ရှားနိုင်စွမ်း ရှိပါသည်။ **စစ်မှန်သောလူသာရင်အသင်းတော်သည် သခင်ယေရှုသာလျှင် ကယ်တင်ရှင် ဖြစ်သည်။ သခင်ယေရှုတပါးတည်း အားဖြင့်သာ ကောင်းကင်ဘုံ၌ ရှိသော ခမည်းတော်ဘုရားထံတော်သို့ ကျွန်တော်တို့ ဆုတောင်းနိုင်သည်ဟု သွန်သင်ပါသည်။**

ယခုကာလတွင် အစွန်းရောက်အယူသီးဝါဒသမား မြောက်များစွာတို့သည် ကိုယ့်ကိုကိုယ် **ခရစ်တော်**ဟု ခေါ်ဝေါ်လာကြသည်။ သခင်ယေရှုသည် ယင်းတို့ပေါ်လာမည်ကို ကြိုတင်သိမြင်သည့်အတွက် **‘ထိုကာလ တာရှည်လျှင် အဘယ်သူမျှ မလွတ်နိုင်ရာ။ ရွေးချယ်သောသူတို့အဘို့အလို့ငှါ ထိုကာလသည် တိုလိမ့်မည်။ ထိုအခါ သူတပါးက ဤအရပ်၌ ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟု ဆိုသော်လည်း မယုံကြနှင့်၊ အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ပြကြလိမ့်မည်။ ထိုအကြောင်းအရာတို့ကို ငါပြောနှင့်ပြီ။’ မဿဲ ၂၄ း ၂၂ - ၂၅**

**ရှင်ယောဟန်**သည် ထိုသူတို့ကို **အန္တိခရစ်**ဟု ခေါ်ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ခရစ်တော်၏ အရိုက်အရာကိုရရှိနိုင်ရန် ကြိုးစားနေသောကြောင့် ဖြစ်ပါသည်။ **၁ ယော ၂ း ၁၈ - ၂၅ , ၄ း ၁ - ၆**

ကျွန်တော်တို့၏ လူသာရင်အသင်းတော်မှ သင်ကြားသွန်သင်ဝန်ခံသည်မှာ ကျွန်တော်တို့ကို ကယ်တင်သော သခင်ယေရှုခရစ်တော်မှလွဲ၍ အခြားမည်သည့်နာမမှ လူတို့တွင်မရှိဟူ၍ ဖြစ်ပါသည်။ **သခင်ယေရှုခရစ်တော်တပါးတည်း**သာလျှင် လက်ဝါးကပ်တိုင်ပေါ်မှ **သွန်းလောင်း**သော **အသွေးတော်**ဖြင့် ကျွန်တော်တို့ကို **ဘုရားသခင်နှင့်ပြေငြိမ်းအေးချမ်းစေသူ** ဖြစ်ပါသည်။**ကောလောသဲ ၁း၂၀၊ ၂ ကော ၅ း၁၈ -၂၁ ။** ထို့ပြင် **ကောလောသဲအခန်းကြီး ၁၊ဟေဗြဲအခန်းကြီး ၁နှင့်ယောဟန်အခန်းကြီး ၁** တို့ကို ဖတ်ရှုပါက **သခင်ခရစ်တော်**၏ ကယ်တင်နိုင်စွမ်းရှိမှုကို အခြားသူများအား လုံးဝ ဝေမျှပေးကမ်းထားခြင်း မရှိကြောင်း တွေ့ရှိနိုင်ပါသည်။

**ကယ်တင်ခြင်း**သည် **ဘုရားသခင်**က မိမိ လူတို့အား ကယ်တင်ရန် ဆောင်ရွက်ချက် ဖြစ်ပါသည်။ **သခင်ယေရှု**သည် **ဘုရားစင်စစ်**ဖြစ်ပြီး **လူသားတို့၏ကယ်တင်ခြင်းကို တိကျ ပြီးပြည့်စုံအောင် ပြီးမြောက်စေခဲ့သူ ဖြစ်ပါသည်။** ကျွန်တော်တို့သည် ကလေးများကို ဓမ္မအမေးအဖြေစာအုပ်ငယ်မှ အောက်ပါအတိုင်း သွန်သင်ပါသည်။ **သခင်ယေရှုခရစ်သည် စစ်မှန်သောဘုရား ဖြစ်တော်မူပြီး၊ ခမည်းတော်ဘုရားမှ ရှေးမဆွကပင် ဖြစ်ပွါးစေတော်မူခဲ့သောသူဖြစ်သည်သာမက အပျိုကညာ မာရိဝမ်းမှ**

**ဖွားမြင်ခြင်းခံတော်မူသော လူသားစင်စစ်ဖြစ်၍ ကျွန်ုပ်တို့၏ အရှင်သခင်လည်း ဖြစ်ကြောင်းကို ကျွန်တော် ယုံကြည်ပါသည်။**

**ထိုသခင်သည် ကျွန်တော့်ကို ပျောက်ဆုံးခြင်းနှင့် ရှုတ်ချပြစ်တင်ခြင်းထဲမှ ရွေးနုတ်ဝယ်ယူတော်မူ၍၊ အပြစ်ဒုစရိုက်ထဲမှသော်လည်းကောင်း၊ သေခြင်းထဲမှသော်လည်းကောင်း စာတန်မာရ်နတ်၏ တန်ခိုးထဲမှ သော်လည်းကောင်း၊ အဖိုးအခဖြင့် ရွေးနုတ်၍ကယ်တင်တော်မူခဲ့ပါသည်။ ရွှေငွေအားဖြင့် ဝယ်ယူခဲ့ခြင်း မဟုတ်ဘဲ၊ သခင်ခရစ်တော်၏ သန့်ရှင်းသောအဖိုးအနဂ္ဃထိုက်တန်သောအသွေးတော်၊ အပြစ်ကင်းသော ဝေဒနာတော်ခံစားခြင်းမှ သေခြင်းတို့အားဖြင့် ဝယ်ယူခဲ့ကြောင်းကို ကျွန်တော်ဝန်ခံပါသည်။**

**ထို့ကြောင့် ကျွန်တော်သည် သခင်ယေရှုခရစ်တော်ပိုင်ဆိုင်သောသူ ဖြစ်စေပြီး. . . . .**

---

**ကျွန်တော်တို့ကို တခုတည်းသောနှုတ်ကပတ်တော်ဖြင့် ကယ်တင်သည်**

ဘုရားသခင်၏နှုတ်ကပတ်တော်သည် **အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်မြက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့်စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့်ခြင်ဆီကို လည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။** ဟေဗြဲ ၄ း ၁၂

ကျွန်တော်တို့သည် ရိုးရာ**ဓလေ့ထုံးစံများ**ကို ယုံကြည်ခြင်းဖြင့် **ကယ်တင်ခြင်း** မရနိုင်ပါ။ ကျွန်တော်တို့သည် **ပုပ်ရဟန်း**နှင့်**အသင်းတော်လူကြီး**များ၏ပြောဆိုမှုဖြင့် **ကောင်းကင်နိုင်ငံတော်**သို့ မရောက်နိုင်ပါ။ **အသင်းတော်လူကြီးတချို့**၏ **ထောက်ခံမှုဖြင့်** ကျွန်တော်တို့အပြစ်လွတ်ခြင်းအခွင့် မရနိုင်ပါ။ ကျွန်တော်တို့ **နှုတ်ကပတ်တော်**ကို **ယုံကြည်**လျှင် **နှုတ်ကပတ်တော်**သည် **ကယ်တင်ခြင်း**ရရှိရန် **လမ်းညွှန်**သောအခါတွင် ကျွန်တော်တို့ **ကယ်တင်ခြင်းရရှိပါမည်။**

ရှေးဟောင်းဓမ္မသီချင်းတပုဒ်တွင် ဖော်ပြသည်မှာ လူသား၏လက်သည် သင့်ကို လွှတ်ချနိုင်ပါသည်။ သင့်ကိုသင် မယုံကြည်ပါနှင့်ဟု ဖော်ပြထားပါသည်။ လူကိုအားကိုးမှီခိုခြင်းသည် လှံတံထိပ်ဖျားပေါ်တွင် မှီနေခြင်းနှင့် တူပါသည်။ **ဘုရားသခင်၏နှုတ်ကပတ်တော်**ကို လူမှဟောပြောသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ကသာ **ကယ်တင်**ပါသည်။ ဟောပြောသောလူ မဟုတ်ပါ။

**သမ္မာကျမ်းစာ**သည် **ဘုရားသခင်၏နှုတ်ကပတ်တော်** ဖြစ်ပါသည်။ အစ္စလမ်ဘာသာ၏ကိုရမ်ကျမ်းသည် ဘုရားသခင်၏နှုတ်ကပတ်တော် မဟုတ်သကဲ့သို့ အခြားအခြားသောဘာသာတို့၏ သန့်ရှင်းသော ရေးသားချက်များဟုဆိုသော စာအုပ်တို့သည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော် မဟုတ်ပါ။

**ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါပြင်ဆင်သောသူ ဖြစ်မည့်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။ ၂ တိ ၃ း ၁၆**

**ဤကျမ်းချက်နှင့်အခြားကျမ်းချက်များအရ ခရစ်တော်၏သမ္မာကျမ်းစာသာလျှင် စစ်မှန်သော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပြီး** ကယ်တင်ခြင်းအတွက် မှန်ကန်သောလမ်းကိုပြသညွှန်ပြပါသည်။ အကယ်၍ သင်သည် အခြားဘာသာတို့၏ သန့်ရှင်းသောစာအုပ်ဟုခေါ်သော စာအုပ်များကို ဖတ်ရှုလျှင်

ကယ်တင်ခြင်းရရှိရန် အကျင့်တရား(သို့)အလုပ်ဖြင့်သာရနိုင်ကြောင်း ဖော်ပြပါလိမ့်မည်။ **ဘုရားသခင်၏ နှုတ်ကပတ်တော်ကသာလျှင် ကျေးဇူးတော်အားဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်အားဖြင့်လည်းကောင်း ကယ်တင်ခြင်းရနိုင်ကြောင်း ဖော်ပြလမ်းပြပါလိမ့်မည်။ 'ထိုမှတပါး သာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ ရှိသေး၏။ စိတ်နှလုံးထဲ၌ အာရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည့်ကာလတိုင်အောင်၊ ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့မှတ်၍ သင်တို့သည် အမှီပြုသင့်ကြ၏။ ' ၂ပေ ၁ း ၁၉**

**သမ္မာကျမ်းစာ**သည် **ဘုရားသခင်၏ နှုတ်ကပတ်တော်** ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် **သမ္မာကျမ်းစာ**သည် ကျွန်တော်တို့ကို ရွေးနှုတ်ကယ်တင်သော **အရှင်သခင်ယေရှု**ကို ဖော်ပြပေးထားသောကြောင့် ဖြစ်ပါသည်။ **သမ္မာကျမ်းစာ**သည် **သခင်ယေရှု**၏ **အတ္ထုပ္ပတ္တိ** ဖြစ်ပါသည်။ ပထမဆုံး **ဧဝံဂေလိ ဂတိတော်**ကို **ကမ္ဘာဦး ၃ း ၁၅** တွင် ဖော်ပြထားရာ ယင်းမှာ ကျွန်တော်တို့အတွက် **သခင်ယေရှု**ကို ဖွင့်ပြခြင်းပင် ဖြစ်ပါသည်။

မိန်းမအမျိုးအနွယ်မှဖြစ်ပြီး စာတန်၏ခေါင်းကို ထုကြိတ်မည်။ စာတန်သည်လည်း သခင်ယေရှု၏ ဖနောင့်ကို ကြိတ်လိမ့်မည် ဆိုသည့်အတိုင်း သခင်ယေရှုသည် အပြစ်တရားနှင့်ပြည့်နေသူတို့၏လက်တွင် ကားတင်ခြင်း ခံရပါသည်။ **သို့ရာတွင် သခင်ယေရှုသေဆုံးပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်လာပါသည်။**

**သခင်ယေရှုကိုသမ္မာကျမ်းစာက ဘုရားသခင်၏နှုတ်ကပတ်တော်** ဟုခေါ်ခြင်းဖြင့် **သမ္မာကျမ်းစာ**သည် **သခင်ယေရှု**၏ **အတ္ထုပ္ပတ္တိ** ဖြစ်ကြောင်း ခိုင်လုံစေပါသည်။ **'အစအဦး၌ နှုတ်ကပတ်တော် ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏. . . . နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့် လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသာ သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ကြရပြီး။' ယောဟန် ၁ း ၁ ၊ ၁၄**

ကျွန်တော်တို့ **သမ္မာကျမ်းစာ**ကိုဖတ်သောအခါ နှုတ်ကပတ်တော်သည် **အသွေးအသားဖြစ်လာ**သည်ကို တွေ့မြင်ရပါမည်။ သခင်ဘုရားသည် နှုတ်ကပတ်တော်ကို ဖတ်ရှုရန် အားပေးပါသည်။ အကြောင်းမှာ **'. . . ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။ ' ယော ၅ း ၃၉** ဟု မိန့်တော်မူခဲ့ပါသည်။

ကျွန်တော်တို့သည် အပြစ်တရားများဖြင့် မှောင်မိုက်နေသောကာလတွင် အသက်ရှင်နေရပါသည်။ **နှုတ်ကပတ်တော်ဖတ်ခြင်းနှင့် လေ့လာသင်ယူခြင်းဖြင့်သာ စစ်မှန်သောလောက၏အလင်းကို တွေ့ပါလိမ့်မည်။** သမ္မာကျမ်းစာသည် ကျွန်တော်တို့၏ ခြေရှေ့တွင်ရှိသော မီးခွက်ဖြစ်ပြီး ကျွန်တော်တို့၏လမ်းကို **လင်း**စေပါသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့ သိရှိယုံကြည်နိုင်စေရန် ကယ်တင်ခြင်းလမ်းတော်ကို ဖွင့်လှစ်ရှင်းလင်း ဖော်ပြထား၍ ဖြစ်ပါသည်။ နှုတ်ကပတ်တော်တခုလုံးတွင် **သခင်ယေရှုကို ယုံကြည်လော့** ဟု တညီတညွတ်တည်း ဖော်ပြနေပါသည်။ **တမန် ၁၆ း ၃၁**

**လူသာရင်အသင်းသားဆိုသူမှာ မည်သူနည်း?။** လူသာရင်အသင်းသားဆိုသူသည် **ခရစ်ယာန်**တစ်ဦးဖြစ်ပြီး **ကျေးဇူးတော်တပါးတည်းအားဖြင့်၊ ယုံကြည်ခြင်းတခုတည်းအားဖြင့်၊ ခရစ်တော်တပါးတည်းအားဖြင့်၊ နှုတ်ကပတ်တော်တခုတည်းအားဖြင့် ကယ်တင်ခြင်းရရှိသည်ဟု ယုံကြည်သူ ဖြစ်ပါသည်။ ဘုရားသခင်တဆူတည်းကိုသာ အားလုံး ချီးမွမ်းကြပါစို့ . . . ။**

**ဆရာချားလ်စ်အက်ဒွပ်။သင်းအုပ်၊ တိုင်းရင်းသားလူသာရင်အသင်းတော်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ**

**charlesedwards56@gmail.com**